ANTI – CORRUPTION COMMISSION(MYANMAR)

| | |
|---|---|
| ဖြောင့်မတ်တည်ကြည်မှု | INTEGRITY |
| လွတ်လပ်စွာရပ်တည်နိုင်မှု | INDEPENDENCE |
| တာဝန်ယူမှု | ACCOUNTABILITY |
| ပွင့်လင်းမြင်သာမှု | TRANSPARENCY |
| မျှတမှု | FAIRNESS |
| အားလုံးပါဝင်နိုင်မှု | INCLUSIVENESS |

# E-Newsletter

Vol.1,No.1 March

## ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်

နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်။

- အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့် စာရိတ္တများ ပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တား ဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိ။
- အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေးဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်၊ အဂတိလိုက်စားမှုကို လုံးဝ လက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက် ခြစားမှုများ မရှိစေရေးအတွက် အခြေခံ အကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့် တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်။

နိုင်ငံတော်ဝန်ကြီးချုပ်၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

(၁၉)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

မိန့်ခွန်းကောက်နုတ်ချက်

# မာတိကာ


- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန် အရေးကြီးကြောင်း။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကျင်းပခြင်း။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားများ ကျင်းပခြင်း။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခြေခံ ပညာကျောင်းများတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး အစီအစဉ် (Edu-tainment) ဆောင်ရွက်ခြင်း။
- ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများဆွေးနွေးပို့ချခြင်း။
- နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရုပ်ပြသရုပ်ဖော် တေးသီချင်းနှင့် ဇာတ်လမ်းတိုများ ထုတ်လွှင့်ခြင်း။
- လူမှုကွန်ရက်မှတစ်ဆင့် အသိပညာပေးခြင်း။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) တို့တွေ့ဆုံခြင်း။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်း အခမ်းအနားများ ကျင်းပခြင်း။
- အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း။
- နိုင်ငံတကာသတင်းများ။
- အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့( CPU) ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်များ၊လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအစီအစဉ်များ၊အများပြည်သူသို့ အသိပေးကြေညာချက်များ။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးကြောင်း

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၁ (MICC-I)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကတက်ရောက် မိန့်ခွန်းပြောကြားခဲ့ပါသည်။ အခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြပါသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေးဆောင်ရွက်ရာတွင်စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်ပါကြောင်း၊အဂတိလိုက်စားမှုကိုလုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေးအတွက် အခြေခံအကျဆုံး ဖြစ်သည့်အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါအချိန်နှင့်တစ်ပြေးညီအလေးထား လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည်အများ ပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန်ဖြစ်ပါ ကြောင်း၊

ကောင်းမွန်သည့် အုပ်ချုပ်ရေးကိုပုံဖော်ရာ တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ် များ သည်အရေးပါသကဲ့သို့ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှု များမှ လမ်းချော်လွဲမှားသွား စေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှု ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက ပြည်သူများ၏ယုံကြည်မှုကိုရရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း” မိန့်ခွန်းပြောကြားသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်တောင်ကြီးမြို့ပေါ်ရှိ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကျင်းပခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်သည်ရှမ်းပြည်နယ်၊တောင်ကြီးမြို့နယ်ရှိ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ပြည်နယ် ပညာရေးမှူး ဦးဆောင်သော အခြေခံပညာဦးစီးဌာနမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် ၊တောင်ကြီးမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပရာ အဆိုပါ တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဗေယျကျော်ထင်စည်သူ ဦးအောင်ဇော်အေး နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြပါသည်။





ကော်မရှင်ဥက္ကဋ္ဌက ဖြောင့်မတ်တည်ကြည်မှုရှိသည့် အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်နှင့် စဉ်းစားတွေးခေါ်မှုများကို ကျောင်းသားလူငယ်များမှစ၍ စနစ်တကျ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ်များကို ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူ့အသိုက်အဝန်း ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့်လည်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး လုပ်ငန်းအစီအစဉ်များတွင် အတူပူးပေါင်း ဆောင်ရွက်ပေးရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားများ ကျင်းပခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းကို ပိုမိုထိရောက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) နှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ဦးဆောင်၍၁-၁၁-၂၀၂၂ရက်နေ့တွင် တက်ရောက်သူ ဦးရေ၂၆၀ ဦးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသ ကြီး၌ ကော်မရှင် အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း ဦးဆောင်၍ ၂၄-၁၁-၂၀၂၂ ရက်နေ့တွင် တက်ရောက် သူဦးရေ ၁၂၀ ဦးဖြင့် လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး၌ကော်မရှင်အဖွဲ့ဝင်ဒေါက်တာထွန်းထွန်းဦး ဦးဆောင်၍ ၂၀-၁၂-၂၀၂၂ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၁၆၂ ဦးဖြင့် လည်းကောင်း၊ရှမ်းပြည်နယ်၌ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် ဦးဆောင်၍ ၂၇-၁၂-၂၀၂၂ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၁၆၀ ဦးဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ၌ ကော်မရှင်အဖွဲ့ဝင်ဒေါ်ခင်ချိုအုန်း ဦးဆောင်၍ ၁၀-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၂၆၀ ဦးဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ဦးဆောင်၍ ၁၈-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၁၇၁ ဦးဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၌ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်၍ ၂၃-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူဦးရေ ၃၀၁ ဦးဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်၌ ကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်၍ ၂၅-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၂၁၇ ဦးဖြင့် လည်းကောင်း၊ တနင်္သာရီ တိုင်း ဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်၍ ၆-၂-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၉၃ ဦး ဖြင့်လည်းကောင်း အသီးသီးကျင်းပခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက်၍ ကျင်းပသွားမည် ဖြစ်ပါသည်။





## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး အစီအစဉ် (Edu-tainment)ဆောင်ရွက်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိ သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများ အကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ အကြား ခွဲခြား တွေးတောသည့် အခြေခံစဉ်းစား တွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ် တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (Edu-tainment) များကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာအဆင့် (မူလတန်းနှင့် အလယ်တန်း) အဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ နေပြည်တော်နှင့် ကော်မရှင်ရုံးခွဲများ တည်ရှိသည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင် မြို့များရှိ အခြေခံပညာ ကျောင်းပေါင်း ၅၅ ကျောင်း နှင့် ကျောင်းသား/သူ ၁၃,၁၂၉ ဦးအား အသိပညာပေးဆောင်ရွက်နိုင်ခဲ့ပါ သည်။ ဆက်လက်၍ ၂၀၂၃-၂၀၂၄ ခု ပညာသင် နှစ်တွင်လည်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ် ပါသည်။





## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများဆွေးနွေးပို့ချခြင်း

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်ရှင် သည် နိုင်ငံ့ဝန်ထမ်းများအား ဖြောင့်မတ်တည်ကြည်မှု နှင့် ကျင့်ဝတ်များကို သိရှိလိုက်နာစေရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များတွင်အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို ပို့ချလျက် ရှိရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယ အကြီး အမှူး စီမံခန့်ခွဲမှု သင်တန်း၊ အမှတ်စဉ်(၁၁)အား သင်တန်း သား ၂၀ ဦး နှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှု သင်တန်း၊ အမှတ်စဉ်(၁၂)အား သင်တန်းသား ၃၈ ဦးတို့ဖြင့် ၅-၁-၂၀၂၃ရက်နေ့မှ၂၇-၁-၂၀၂၃ရက်နေ့ အထိဖွင့်လှစ်ခဲ့ ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ က ၂၀-၁-၂၀၂၃ ရက် နေ့တွင် “**အဂတိလိုက်စားမှုတိုက်ဖျက်ရေး နှင့်နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ**” ဘာသာရပ်အား ဆွေးနွေး ပို့ချခဲ့ပါသည်။

# နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရုပ်ပြသရုပ်ဖော် တေးသီချင်းနှင့် ဇာတ်လမ်းတိုများ ထုတ်လွှင့်ခြင်း

ကော်မရှင်အနေဖြင့် အသိပညာပေးခြင်း ကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကို အများပြည်သူ ပိုမိုသိရှိ နိုင်စေရန် ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ ၂၀၂၁ ခုနှစ်မှစ၍ ရုပ်ပြသရုပ်ဖော်တေးသီချင်းသုံးပုဒ်နှင့်ဇာတ်လမ်းတို ခုနစ်ပုဒ်တို့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တို့တွင် ထုတ်လွှင့်လျက်ရှိပါသည်။






















# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း။

အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း ကိုပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန် အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်း စာစောင်များ ဖြစ်သည့် အသိပညာပေးခြင်းကဏ္ဍ လက်ကမ်းစာစောင် (၇၄၁၃) စောင်၊ တားဆီးကာကွယ်ခြင်းကဏ္ဍ လက်ကမ်းစာစောင် (၇၄၁၃) စောင်နှင့် စုံစမ်း စစ်ဆေးခြင်း ကဏ္ဍလက်ကမ်းစာစောင် (၇၄၁၃) စောင်တို့အား ပြုစုထုတ်ဝေ၍ ပြည်ထောင်စုဝန်ကြီး ဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (CPU) ၊နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများမှဖွင့်လှစ် သည့် သင်တန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများတွင် ကျင်းပပြုလုပ်သည့် အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများ နှင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေး နေ့အထိမ်းအမှတ် အခမ်းအနားတို့တွင် ဖြန့်ဝေခဲ့ပါ သည်။









# လူမှုကွန်ရက်မှတစ်ဆင့် အသိပညာပေးခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့်သက်ဆိုင်သည့် သိမှတ်ဖွယ်ရာများကို အများပြည်သူ ပိုမိုသိရှိနိုင်စေရန်ရည်ရွယ်၍ အသိပညာပေး အစီအစဉ်တစ်ရပ်အနေဖြင့် "**အဂတိ ပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့**" Facebook Page ကို ၂၁-၉-၂၀၂၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး သိမှတ်ဖွယ်ရာ Post များကို အပတ်စဉ်အင်္ဂါနေ့နှင့် ကြာသပတေးနေ့များတွင် တင်ပြခြင်းဖြင့် အသိပညာပေးဆောင်ရွက်လျက်ရှိရာ ၃၁-၁-၂၀၂၃ ရက်နေ့ အထိ အသိပညာပေး Post အရေအတွက် ၁၄၃ ပုဒ် တင်ပြနိုင်ခဲ့ပါသည်။












## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) တို့တွေ့ဆုံခြင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေး နှင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းစေရေး အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဒေါက်တာဌေးအောင်သည် ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ရှမ်းပြည်နယ် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပါသည်။အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင်က အဂတိလိုက်စားမှုများကို ထိရောက်စွာတိုက်ဖျက်သွားနိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာ စီမံချက်ရေးဆွဲပြီး အဂတိလိုက်စားမှုစုံစမ်းစစ်ဆေးခြင်းနှင့် အများပြည်သူ သို့အသိပညာ ပေးခြင်းလုပ်ငန်း များ ကို နိုင်ငံတကာစံနှုန်းများ၊ မူဘောင်များနှင့်အညီမူဝါဒနှင့်ဥပဒေမူဘောင်ခိုင်မာအောင် တည်ဆောက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အခြေခံ ကောင်းများ တည်ဆောက် နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဌာန/ အဖွဲ့ အစည်းများတွင် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း ပြီးဖြစ်ပါ ကြောင်း၊ CPU များကို ဖွဲ့စည်းခြင်းသည် အသေးစား အဂတိလိုက်စားမှု (Petty Corruption)များ ကိုထိရောက်စွာ တိုက်ဖျက်သွား နိုင်မည် ဖြစ်ကြောင်း၊

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ CPU များကို ရည်ရွယ်ချက် (၃) ရပ် ဖြင့် ဖွဲ့စည်းခဲ့ပြီး CPU များ၏ လုပ်ငန်းတာဝန်(၃)ရပ်နှင့် အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်း အစီအစဉ် (၆)ရပ်ကို ချမှတ်၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ၊လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရေးအတွက် အဂတိလိုက်စားမှုများ နှင့် စပ်လျဉ်း၍သတင်းပေးပို့တိုင်ကြားနိုင်မည့်သတင်းပို့ တိုင်ကြားမှုယန္တရားထူထောင်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား ပြုပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုများ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေနိုင် သည့် အကြောင်း အရာများကို ဆန်းစစ်ဖော်ထုတ်၍ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်နိုင်ရန် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ် လေ့လာခြင်း (Corrution Risk Assessment-CRA)ကို ဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ကြောင်း၊

ဝန်ဆောင်မှု လုပ်ငန်းစဉ်များတွင် ဖြစ်ပေါ် နိုင်သည့် အသေးစား အဂတိလိုက်စားမှုများကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အများပြည်သူ ထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (**Public Feedback Programme-PFP**) ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ PFP ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ တုံ့ပြန်ချက်များအပေါ် တာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူများ၏ တယ်လီဖုန်းသို့ တိုက်ရိုက်ဆက်သွယ် ဖြေရှင်းပေးသည့်အတွက် ပြည်သူလူထုနှင့် အစိုးရ အကြား ယုံကြည်မှု ပိုမိုခိုင်မာလာစေမည်ဖြစ်ပါကြောင်း၊ နည်းပညာဆိုင်ရာသင်တန်းများနှင့် **PFP Web Portal** အသုံးပြု နည်းသင်တန်း များ ပို့ချပေးလျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ကော်မရှင်တစ်ခုတည်းကသာ ဆောင်ရွက်ရမည်မဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော တာဝန်ဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီးအတူတကွလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခြင်းအား ဖြင့်နိုင်ငံတော်အစိုးရကဦးတည်ဆောင်ရွက်နေသည့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ **CPU** အဖွဲ့ဝင် များအနေ ဖြင့်လည်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး နှင့်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အတူပူးပေါင်းပါ ဝင် ဆောင်ရွက်ပေးရန် တိုက်တွန်း ပြောကြားသည်။



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်း အခမ်းအနားများ ကျင်းပခြင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သည် အဂတိလိုက်စားမှုကျူးလွန်သူများအား ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက် ရှိသကဲ့သို့ အဂတိလိုက်စားမှုလျော့နည်းကျဆင်းသွားစေရေးအတွက် အသိပညာပေးရေးနှင့် တားဆီး ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားရန် မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) နှင့်အညီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်းများကို ရန်ကုန်တိုင်း ဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ဦးဆောင်၍ ၂၂-၁၁-၂၀၂၂ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၂၇ ဦးဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း ဦးဆောင်၍ ၂၅-၁၁-၂၀၂၂ ရက်နေ့တွင် တက်ရောက်သူဦးရေ ၅၀ ဦး ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာထွန်းထွန်းဦး ဦးဆောင်၍ ၂၁-၁၂-၂၀၂၂ ရက်နေ့တွင် တက်ရောက်သူဦးရေ ၆၀ ဦးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်၌ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် ဦးဆောင်၍ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် တက်ရောက်သူဦးရေ ၅၀ ဦးဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၌ကော်မရှင်အဖွဲ့ဝင်ဒေါ်ခင်ချို အုန်း ဦးဆောင်၍ ၁၁-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၁၅၄ ဦးဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ဦးဆောင်၍ ၁၈-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၁၇၁ ဦးဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၌ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်၍ ၂၃-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၃၀၁ ဦးဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်၌ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်၍ ၂၅-၁-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၂၁၇ ဦးဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၌ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်၍ ၇-၂-၂၀၂၃ ရက်နေ့တွင် တက်ရောက်သူ ဦးရေ ၄၁ ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်းဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။





# အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပပြုလုပ်သည့်အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(ASEAN-PAC)၏ (၁၈)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏ ASEAN-PAC နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ်ရေးထိုးခြင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့်လည်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည်။















## ဂွါတီမာလာနိုင်ငံ၏ အဂတိလိုက်စားမှု ဖြစ်စဉ်များ

ဂွါတီမာလာနိုင်ငံ၌ “**အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ဆောင်သူများကို အရေးယူ ဆောင်ရွက်မှုများ ရှိနေသကဲ့သို့ အဂတိလိုက်စားမှုကျူးလွန်သူများကို အမှန်တကယ် စုံစမ်းစစ်ဆေးဖော်ထုတ်မည့် စုံစမ်းစစ်ဆေးရေးအရာရှိများနှင့် တရားသူကြီးများကို နုတ်ထွက်ရန် တွန်းအားပေးမှုများရှိနေပြီး ဂွါတီမာလာနိုင်ငံ အပါအဝင် လက်တင်အမေရိကနိုင်ငံ ၁၀ နိုင်ငံ၌ အကြီးမားဆုံး အဂတိလိုက်စားမှုများ ကျူးလွန်ခဲ့သည့်** Odebrecht **ကော်ပိုရေးရှင်း၏ ဖြစ်စဉ်ကိုလည်း သတိပြု သင့်သည်**” ဟု အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှု ရှိရေးအဖွဲ့၏ ၂၀-၁-၂၀၂၃ ရက်နေ့ထုတ် သတင်းလွှာတွင် ဖော်ပြပါရှိပါသည်။







## ဗင်နီဇွဲလားတွင် အဂတိလိုက်စားမှုနှင့် လူ့အခွင့် အရေးချိုးဖောက်မှုများ ရင်ဆိုင်နေရခြင်း

ဗင်နီဇွဲလားနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့က ထုတ်ပြန်သည့် အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် သဘောထားအမြင် အညွှန်းကိန်းတွင် “ **ရမှတ် ၁၄ မှတ် သာ ရရှိခဲ့ပြီး အဂတိလိုက်စားမှုနှင့် လူ့အခွင့် အရေးချိုးဖောက်မှုများ ရင်ဆိုင်နေရ**”သည်ဟု အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး အဖွဲ့၏ ၁၀-၂-၂၀၂၃ ရက်နေ့ထုတ် သတင်းလွှာ တွင် ဖော်ပြပါရှိပါသည်။



## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့( CPU) ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက် (၂) ရပ်

- ပြည်သူတစ်ဦးချင်းအပေါ်သို့ ကြီးမားစွာတိုက်ရိုက်သက်ရောက်နေသော ဖိစီးမှုများဖြစ်ပေါ်စေသည့် အသေးစား အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်။
- နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေးနေသော ဝန်ဆောင်မှု များကို ပြည်သူ လူထုထံသို့ ပိုမို ပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန်။

## လုပ်ငန်းတာဝန် (၃) ရပ်

- ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်။
- တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်။
- အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ရန်။



**လုပ်ငန်းအစီအစဉ် (၆) ရပ်**

- ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့**(CPU)** အသီးသီးအတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲထားရှိရန်။

- ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ရယူလျက် ဦးစီးဌာန/ လုပ်ငန်းဌာန များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာအချက်များ ပါဝင်သော တည်မြဲလုပ်ထုံးလုပ်နည်းများ **(Standing Operating Procedures -SOP)** ကို သက်ဆိုင်ရာဌာနများက ရေးဆွဲရေးနှင့် အများပြည်သူ သိသင့်သည်များကို လက်အောက်ရုံး/ ဌာနခွဲ/ ဌာနစိတ်တို့တွင် ပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲပြသထားရန်၊ Website များတွင်လည်း ထည့်သွင်းအသိပေး ကြေညာရန်။

- အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုဆန်းစစ်ခြင်းကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ **(CPU)**များက တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ အကြီးအကဲများထံ တင်ပြသွားရန်။

- စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိမှုမှ ကာကွယ်ရန် အတွက် အစိုးရဌာနများနှင့် ဆက်စပ်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးဆိုင်ရာကျင့်ဝတ်များ ရေးဆွဲထားခြင်း ရှိ/မရှိ စိစစ်ရန် နှင့် ကျင့်ဝတ်ရေးသားလိုက်နာခြင်း မရှိသောစီးပွားရေးလုပ်ငန်းများနှင့်ဝယ်ယူရေး၊ ရောင်းချရေး၊ တည်ဆောက်ရေး ကိစ္စများ၌ လက်ခံဆောင်ရွက်ခြင်း မပြုရန်။

- တစ်ဖက်နှင့် အခြားတစ်ဖက် အခက်အခဲများဖြေရှင်းရန်နှင့်အထင်အမြင်လွဲမှားမှုမရှိစေရန်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်သက်ဆိုင်ရာပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအကြား အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးဆိုင်ရာဖိုရမ်များ၊ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ **(CPU)** များက ညှိနှိုင်း စီစဉ်ပေးရန်။

- ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုကိုခံယူလျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ **(CPU)** များသည် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှု ရယူကြရသော ပြည်သူတစ်ဦးချင်းထံသို့ **Public Feedback Programme (PFP)** နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အသေးစားအဂတိလိုက်စားမှုများ မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုသွားရန်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှု အောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ **Short Code** နံပါတ် **"1111"** အသုံးပြု၍ **SMS** မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် **(Public Feedback Programme – PFP)** ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် **"1111"** ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော **SMS** များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ ရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code **"1111"** ဖြင့် **SMS** ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူ ထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေး နှိုးဆော်တင်ပြအပ်ပါသည်။

## “အဂတိပယ်ရှား ပြည်သာယာ”

## Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

“အဂတိလိုက်စားမှုတားဆီးဖို့ “ 1111 ” ကိုဖြေကြားစို့”

“ဝန်ဆောင်မှုများကောင်းစေရေး “ 1111 ” ကိုဖြေကြားပေး”